**လိုအပ်သောစာရွက်စာတမ်းများ**

1. **မွေးဖွားကြောင်း အထောက်အထား** (သင့်ကလေးသည် စက်တင်ဘာလ 2 ရက်၊ 2024 ခုနှစ်မှ စက်တင်ဘာလ 1 ရက်၊ 2025 ခုနှစ်အတွင်း သို့မဟုတ် နေ့တွင် အသက် လေးနှစ်ဖြစ်ရမည်)

- မူရင်းမွေးလက်မှတ်ထောက်အထား၊ သက်ရှင်လျက်ဖြင့်မွေးဖွားကြောင်း ဆေးရုံမှတ်တမ်း၊ အစိမ်းရောင်ကတ်၊ အပန်းရောင်ကတ် သို့မဟုတ် Federal I-94 ကတ်၊ သို့မဟုတ် ကလေး၏ နိုင်ငံကူးလက်မှတ် (ဤစာရွက်စာတမ်းများ၏ မိတ္တူများကို လက်မခံပါ)

2. **တရားဝင် အုပ်ထိန်းမှု အထောက်အထား** (ရှိခဲ့လျှင်)

- ကလေး၏မွေးစာရင်းတွင် သင့်အမည်မပါဝင်မှသာ လိုအပ်ပါမည်

3. **မိဘ ၊ အုပ်ထိန်းသူဖြစ်ကြောင်း မှတ်ပုံတင်အထောက်အထား**

- ပြည်နယ် သို့မဟုတ် အစိုးရမှ ထုတ်ပေးသည့် ဓာတ်ပုံပါ ယာဉ်မောင်းလိုင်စင်၊ သို့မဟုတ် သက်တမ်းမကုန်သေးသော U.S. ပတ်စ်ပို့ ID တစ်ခုကဲ့သို့သော သက်တမ်းမကုန်သေးသော ဓါတ်ပုံ ID

4. **မိဘ/အုပ်ထိန်းသူ ဂျော်ဂျီယာ နေထိုင်ခွင့်အထောက်အထား**

- သင့်အမည်ဖြင့် အပေါင် စာချုပ် သို့မဟုတ် အငှား စာချုပ်/ငှားရမ်းခြင်း သဘောတူညီချက် သို့မဟုတ် သင့်အမည်ဖြင့် လျှပ်စစ်၊ ဓာတ်ငွေ့ဘေလ် သို့မဟုတ် ရေဘေလ်၊ (ကေဘယ်နှင့် ဖုန်းဘေလ်များကို လက်မခံပါ။)

** အကယ်၍ သင်သည် တစ်စုံတစ်ဦးနှင့် အတူနေထိုင်ပြီး သင့်အမည်ဖြင့် အငှား စာချုပ်၊ အပေါင် စာချုပ် သို့မဟုတ် မီး၊ရေ၊ဓါတ်ငွေ့ ဘေလ်များ မရှိပါက၊ သင်သည် အောက်ပါတို့ကို တင်ပြရပါမည် - လက်မှတ်ထိုးပြီး နိုတိုပြန်ဆိုထားသော နေထိုင်ခွင့်ကျမ်းကျိန်လက်မှတ် **နှင့်** သင်နှင့်အတူနေထိုင်သည့် ပုဂ္ဂိုလ်၏အမည်ဖြင့် အငှားစာချုပ်/အပေါင်စာချုပ် ဖော်ပြချက် သို့မဟုတ် အသုံးစရိတ် တောင်းခံလွှာ **နှင့်** အဆိုပါကျမ်းကျိန်လွှာနှင့် ကိုက်ညီသည့် လိပ်စာကို ပြသထားသည့် ကလေး၏ အုပ်ထိန်းသူ အမည်ဖြင့်ဖော်ပြထားသော မေးလ်တစ်စောင်။ နေထိုင်ခွင့်ဖောင်၏ အထောက်အထား မိတ္တူအတွက် ကျေးဇူးပြု၍ ဤနေရာကို နှိပ်ပါ ။

5. **ကလေး၏ လူမှုဖူလုံရေးကတ် မူရင်း သို့မဟုတ် "တောင်းဆိုပိုင်ခွင့်ကို စွန့်လွှတ်ကြောင်း တရားဝင်စာ"**

- အကယ်၍ တောင်းဆိုပိုင်ခွင့်ကို စွန့်လွှတ်ကြောင်းတရားဝင်စာ တစ်စောင်ကို လိုအပ်လျှင် ကျောင်းအပ်သည့်ကာလတွင် သင့်ကို ပေးမည်ဖြစ်သည်။

6. **အမျိုးအစား I အထောက်အထား၊ သက်ဆိုင်ပါက (မိတ္တူ 1 သာလျှင် - CAPS၊ Food Stamps၊ Medicaid ၊SSI သို့မဟုတ် TANIF)**

7. **ကာကွယ်ဆေးထိုးလက်မှတ်** (3231) သို့မဟုတ် ကာကွယ်ဆေးထိုးရန် ဘာသာရေးကန့်ကွက်မှုများ၏ တရားဝင်အထောက်အထား (DPH Form 2208) ကိုတင်ပြရပါမည်။

8. **အမြင်အာရုံ၊ အကြားအာရုံ၊ အာဟာရဓါတ်နှင့် သွားဖက်ဆိုင်ရာ စစ်ဆေးခြင်း လက်မှတ်** (3300)

****လျှောက်လွှာတစ်စောင် တင်သွင်းခြင်းအားဖြင့် အစီအစဉ်အတွင်း လက်ခံဝင်ရောက်ခွင့် ရရှိမည်ဟု အာမ မခံပေ။**